# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ဒုတိယနေ့ အစီအစဉ်

# (၃၀-၁-၂၀၂၀) (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၆) ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၏ **ပေါင်မြို့နယ်အတွင်းရှိ စားကျက်မြေများကို နောင်အခါကျေးရွာတိုးချဲ့ရန်နှင့် ကျေးရွာပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး များတွင် အသုံးပြုခွင့်ပေးနိုင်ရန်အတွက်**

**ဌာနဆိုင်ရာကုမ္ပဏီနှင့် လူတစ်ဦး တစ်ယောက်ကို ကေရာချီနှစ်ရှည် လုပ်ပိုင်ခွင့်ပြုထားသည်ကို ပြန်လည် ရုပ်သိမ်းပေးနိုင်ခြင်းရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **မင်းကင်းမြို့နယ်ရှိ ဝေးလံခေါင်ဖျား ဒေသတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် ဒေသစရိတ် မညီမျှမှုများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်သတ်မှတ် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၏ **ရွှေကူမြို့နယ်တွင် လမ်းခင်းကျောက်များ ထုတ်လုပ်လျက်ရှိရာ နှစ်အလိုက် ကျောက်ထုတ်လုပ်မှု မည်မျှထုတ်လုပ် ထားသနည်းနှင့် ကျောက်လုပ်ငန်းရှင်များမှ တရားဝင်လျှောက်ထားသော ကျောက်ကျင်း အရေအတွက်နှင့် မြေပြင်တွင် အမှန်တကယ် ထုတ်လုပ်ခဲ့သော ကျောက်ကျင်းအရေအတွက်တို့ ကိုက်ညီမှု ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်တွင် အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေးစီမံကိန်း၏ ဒုတိယအဆင့်တွင် ပင်မ 11 KV ဓာတ်အား လိုင်းနှင့် (၅) မိုင်အတွင်း တည်ရှိနေသော ထူးပေါက်ကျေးရွာအုပ်စုမှ (၃) ရွာ၊ မဲဒင်ကျေးရွာအုပ်စုမှ (၄) ရွာ၊ ယာကြီးကျေးရွာအုပ်စုမှကျန် (၃)ရွာ၊ လက်ပန်စု၊ ညောင်ရင်း၊ ကန်တော၊ သစ်ခက်နှင့် ဇီးပင်တွင်း ကျေးရွာများအား NEPဖြင့် လျှပ်စစ်မီးလင်းနိုင်ရေး စီစဉ်ဆောင်ရွက် ပေးနိုင်ခြင်းရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးအောင်ကျော်ဇံ၊ ပေါက်တောမဲဆန္ဒနယ်၏ **၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပေါက်တောမြို့နယ်မြောက်ပိုင်းရှိ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဆောလျင်စွာ ဖြန့်ဖြူးပေးနိုင်ရန်အလို့ငှာ သပြေကန်ကျေးရွာကို အခြေပြု၍ 33/11 KV (5) MVA ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝ ရေအားလျှပ်စစ်စက်ရုံမှ မကြာခဏပျက်နေသော ဂျင်နရေတာ အမှတ်(၁) အား အသစ်တပ်ဆင်ခြင်း သို့မဟုတ် အမြန် ပြင်ဆင်ပေးခြင်း ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၏ **အင်ပင်မြို့တွင် လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့သော **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့သော **"အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ"**

နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပေးပို့သော **"တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက တင်သွင်းသည့် **"အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။